ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၄၊ အမှတ် ၅ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်

## (၂၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့ အခမ်းအနား ကျင်းပခြင်း



(၂၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့ အခမ်းအနားအား ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၂၅) ရက်နေ့ နံနက် (၉:၃၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ အကောက်ခွန်ဦးစီးဌာန သင်တန်းကျောင်း ခန်းမ၌ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း နှင့် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်တို့ တက်ရောက်၍ အမှာစကားပြောကြားခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် ဝန်ထမ်းကျင့်ဝတ် ဂုဏ်ပြုဆုရရှိသူများ၊ (၅) ကြိမ်နှင့်အထက် သွေးလှူဒါန်း ဂုဏ်ပြုဆုရရှိသူများ၊ ဌာနခွဲအလိုက် ဝန်ထမ်းစွမ်းဆောင်ရည်ဆု နှင့် လုပ်ငန်း စွမ်းဆောင်ရည်ဆု ရရှိသူများ၊ သင်တန်းသားထူးချွန်ဆု ရရှိသူများအား တိုင်းဒေသကြီးဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ က ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြပါသည်။

အဆိုပါ အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ အရာထမ်း/အမှုထမ်းများနှင့် ဂုဏ်ပြုဆုရရှိသူများ တက်ရောက်ခဲ့ကြပါသည်။

# Thilawa Multipurpose International Terminal (TMIT) အဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင် အားလာရောက်တွေ့ဆုံ



၂၀၁၉ ခုနှစ် ၊ ဇန်နဝါရီလ (၂၅) ရက်နေ့ ၌ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ၊ အစည်းအဝေးခန်းမ (၁) တွင် Thilawa Multipurpose International Terminal (TMIT) အဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင် အားလာရောက် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

ဆွေးနွေးပွဲတွင် TMIT အဖွဲ့မှ ဆိပ်ကမ်းများရှိ တားဆီး/ဖမ်းဆီးပစ္စည်းများ ထားသိုရန်ကိစ္စ ၊ X-Ray စက်တာဝန်ကျ ဝန်ထမ်းများအား သင်တန်းပို့ချရန် နှင့် CCTV တပ်ဆင်နိုင်ရန်ကိစ္စများ ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး အဆိုပါဆွေးနွေးပွဲသို့ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် (၁) ၊ ညွှန်ကြားရေးမှူးများ ၊ ဒုတိယညွှန်ကြားရေးမှူးများ နှင့် TMIT အဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များတက်ရောက်ခဲ့ပါသည်။

# စုံစမ်းစစ်ဆေးရေး အရာရှိ မွမ်းမံသင်တန်း ၁/၂၀၁၉ သင်တန်းဆင်းပွဲ အခမ်းအနား ကျင်းပခြင်း



၂၀၁၉ ခုနှစ် ၊ ဇန်နဝါရီလ (၁၈) ရက်နေ့ နေ့လည် (၁၃:၀၀) နာရီအချိန် အကောက်ခွန် ဦးစီးဌာန သင်တန်းကျောင်းခန်းမတွင် ကျင်းပပြုလုပ်သော စုံစမ်းစစ်ဆေးရေးအရာရှိ မွမ်းမံသင်တန်း (၁/၂၀၁၉) သင်တန်းဆင်းပွဲ အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပါသည်။

အဆိုပါသင်တန်းသည် အကောက်ခွန်ဦးစီးဌာန ၊ စုံစမ်းစစ်ဆေးရေးဌာနခွဲမှ စုံစမ်းစစ်ဆေးရေး အရာရှိများအနေဖြင့် စုံစမ်းထောက်လှမ်းရမည့် အသိပညာများ ပိုမိုနားလည်တတ်ကျွမ်းစေရန်နှင့် စွမ်းဆောင်ရည် မြင့်မားစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်အပါအဝင် ဒုတိယ ညွှန်ကြားရေးမှူးချုပ် ၊ ညွှန်ကြားရေးမှူးများ ၊ ဒုတိယညွှန်ကြားရေးမှူးများ နှင့် သင်တန်းသားများတက်ရောက်ခဲ့ပါသည်။

# (၂၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအကောက်ခွန်နေ့ အထိမ်းအမှတ်အဖြစ် ဝန်ထမ်းကျင့်ဝတ်စာမေးပွဲ ကျင်းပခြင်း



၂၀၁၉ ခုနှစ် ၊ ဇန်နဝါရီလ (၂၆) ရက်နေ့တွင် ကျရောက်သော (၂၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့ အထိမ်းအမှတ်အဖြစ် ဝန်ထမ်းကျင့်ဝတ်စာမေးပွဲ ဖြေဆိုခြင်းအား အကောက်ခွန်ဦးစီးဌာန၊ သင်တန်းကျောင်းခန်းမတွင် ၂၀၁၉ ခုနှစ် ၊ ဇန်နဝါရီလ (၁၁) ရက်နေ့၌ ကျင်းပပြုလုပ်ခဲ့ရာ အဆင့်စုံမှ ဝန်ထမ်း စုစုပေါင်း (၁၂၅) ဦး ပါဝင်ဖြေဆိုခဲ့ကြပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ် ၊ ဇန်နဝါရီလအတွင်း ခန့်မှန်း တန်ဖိုးကျပ် (၁၆၀၁.၁၁၅) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန် နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီလ (၁) ရက်နေ့ မှ (၃၁) ရက်နေ့ အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှု မှာ (၂၈၃) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် (၁၆၀၁.၁၁၅) သန်းခန့်ဖြစ်ပါသည်။

## ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်




လေဆိပ်တားဆီးမှုအနေဖြင့် (၃) မှု ရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၂.၄၉၄) သန်းရှိသည့်အနက် ၁၅-၁-၂၀၁၉ ရက်နေ့တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် (ပြည်ပဆိုက်ရောက်) ၌ လေယာဉ် ခရီးစဉ်အမှတ် OD-552, SF-00769 ဖြင့် ကွာလာလမ်ပူမြို့မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား ခရီးသည်ထံမှ စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော E.Cigarette Liquid (50) ml (160) Btl ၊ E.Cigarette Liquid (100) ml (30) Btl နှင့် E.Cigarette Liquid (60) ml (120) Btl ၊ ခန့်မှန်းတန်ဖိုးကျပ် (၁.၄၅၆) သန်းအားတားဆီး ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ် ၊ ဇန်နဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၆၀၁.၁၁၅) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ

## ဆိပ်ကမ်း တားဆီး/ဖမ်းဆီးခြင်း





ဆိပ်ကမ်း တားဆီးမှုအနေဖြင့် ၂၉-၁-၂၀၁၉ ရက်နေ့တွင် AWPT ဆိပ်ကမ်း၌ United Glaxy Public Co.,ltd မှတင်သွင်း လာသော B/N Passenger Elevator များအား အကောက်ခွန်စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ ID/IL ကြေငြာထားခြင်းမရှိသော B/N Passenger Elevator ၊ Brand Mitsubishi Capacity 1350kg (18 Passenger) C/O-TH-2U ၊ ခန့်မှန်းတန်ဖိုးငွေကျပ်(၇၁.၇၁၂) သန်းခန့်အားတားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ် ၊ ဇန်နဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၆၀၁.၁၁၅) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ

## နယ်မြေများတွင် တားဆီး/ဖမ်းဆီးခြင်း




နယ်မြေတားဆီးမှုအနေဖြင့် တားဆီးမှု(၂၇၉)မှုရှိ၍ စုစုပေါင်းခန့်မှန်းတန်ဖိုးမှာကျပ်(၁၅၂၆.၉၀၉) သန်းရှိသည့်အနက် ၂၈-၁-၂၀၁၉ ရက်နေ့တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် Toyota Crown ယာဉ် (၂) စီးပေါ်တွင် တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်း (၉၀၉) ကီလို နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် (၂) စီး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၈၅.၄၅) သန်းအား စစ်ဆေးတွေ့ရှိ၍တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ် ၊ ဇန်နဝါရီလအတွင်း ခန့်မှန်း တန်ဖိုးကျပ် (၁၆၀၁.၁၁၅) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ

## ထူးခြားဖမ်းဆီးမှု






ထူးခြားဖမ်းဆီးမှုအနေဖြင့် ၅-၁-၂၀၁၉ ရက်နေ့တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် Toyota Alphard ယာဉ် (၁) စီးပေါ်တွင် တင်သွင်း/တင်ပို့ ခြင်းခွင့်မပြုသည့် တရားမဝင်မြွေ မျိုးစုံ (၉၆) ခြင်း (၁၁၅၂ ကီလို) နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ် (၁) စီး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၆၉.၉၅၀) သန်းအားစစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ် ၊ ဇန်နဝါရီလအတွင်း ခန့်မှန်း တန်ဖိုးကျပ် (၁၆၀၁.၁၁၅) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ

### ထူးခြားဖမ်းဆီးမှု




ထူးခြားဖမ်းဆီးမှုအနေဖြင့် ၂၇-၁-၂၀၁၉ ရက်နေ့တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ရှောင်ကွင်းလမ်းများ၌ ရှောင်တခင် စစ်ဆေးမှုများ ဆောင်ရွက်စဉ် ကျိုက်ထိုမြို့ ဘဲလေးစားသောက်ဆိုင် အနီးတွင် ရပ်တန့်ထားသော Recond: AUDI GMB H ယာဉ် (၁) စီး အားစစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသဖြင့် အဆိုပါ လိုင်စင်မဲ့ယာဉ် ၊ ခန့်မှန်း တန်ဖိုးကျပ် (၁၀၆.၇၅၂) သန်း အားစစ်ဆေး တွေ့ရှိ၍ဖမ်းဆီးခဲ့ပါသည်။


# မိုဘိုင်းဖုန်း ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ ဖန်နဝါရီလအတွင်း တားဆီး/ဖမ်းဆီးအရေးယူမှု အခြေအနေ

| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခန့်မှန်းတန်ဖိုး စုစုပေါင်း(ကျပ်) |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ | - | ၃ မှု | ၃ မှု | ၄၁.၃၆၃ သန်း |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | - | - | - |
| ၃။ | သစ်တောထွက် ပစ္စည်းများ | - | ၁၀ မှု | ၁၀ မှု | ၈၈.၄၆၂ သန်း |
| | စုစုပေါင်း | - | ၁၃ မှု | ၁၃ မှု | ၁၂၉.၈၂၅ သန်း |

အကောက်ခွန်ဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း (၁-၄-၂၀၁၈) ရက်နေ့ မှ (၃၁-၁-၂၀၁၉) ရက်နေ့အထိ မိုဘိုင်းဖုန်းနှင့်ဆက်စပ်ပစ္စည်းများ ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု (၁၈၅) မှု ၊ ခန့်မှန်းတန်ဖိုးကျပ်သန်းပေါင်း (၁၇၈၂.၈၃၀) သန်း အား တားဆီးခဲ့ပြီးအရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ

Steel ဖြင့်ပြုလုပ်ထားသော ကျောက်ဆူးများ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 7316.00.00 ဖြစ်ပြီး အကောက်ခွန် 1.5% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန်2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။





Stainless Tube နှင့် Tube & Pipe များသည် AKFTA လျှော့နှုန်းခံစားခွင့်တွင် ပါဝင်မှုရှိ-မရှိ မေးမြန်းခဲ့ရာ အဆိုပါ ပစ္စည်းမှာ AKFTA တွင် လျှော့နှုန်းခံစားခွင့်မပါဝင်ကြောင်းပြန်လည် ဖြေကြားခဲ့ပါသည်။



ကားတာယာများ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 4011.10.00 ဖြစ်ပြီး အကောက်ခွန် 4% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။



မော်တော်ဆိုင်ကယ်များ တင်သွင်းလိုပါသဖြင့် Duty Rate နှင့် HS Code အားမေးမြန်းရာ HS Code မှာ 8711.20.59 ဖြစ်ပြီး အကောက်ခွန် 5 % ၊ ကုန်သွယ်လုပ်ငန်းခွန် 5% ၊ ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။